

# သိုးခေါင်း

## ဈာပနရှင်းတမ်း



# ဈာပနရှင်းတမ်း

မြို့တစ်မြို့…

မြို့ကြီးလည်း မကျ၊ မြို့သေးလည်း မဟုတ်။ ဒါပေမယ့် ပြည်နယ်တစ်ခု၏ မြို့တော် ဖြစ်သည် ။ ထို့အတွက် ရရှိထားသော ဂုဏ်ပုဒ်နှင့် လျော်ညီစွာ ထိုက်တန်သော တိုးတက်မှုတွေ ရှိပါ၏ ။ ဘာတွေ တိုးတက်သနည်း။

နိုင်ငံရေး ၊ စီးပွားရေး ၊ လူမှုရေး ၊ ပညာရေး ။ ပြီးတော့ စိတ်ဓာတ်၊ ပြည်နယ်တစ်ခု၏ မြို့တော် ဖြစ်ရာ သူ့တွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိ၏ ။

ကိုယ်ပိုင်ပညာရေး ။

ကိုယ်ပိုင် ဆေးဝါးစောင့်ရှောက်မှု။

ကိုယ်ပိုင်အလှ။

ကိုယ်ပိုင်သတင်းစာ။

ကိုယ်ပိုင် …….

ကိုယ်ပိုင် ……

ကိုယ်ပိုင် …..

စသဖြင့် ရှိကြသည် ။ ထို့အတွက် သူတို့ မြို့တွင် ပညာတတ်ပေါ၏ ။

လူတော် တွေ ထွက်၏ ။ လူယဉ်ကျေးတွေ များ ၏ ။

ဒါပေမယ့် နေ့ရက်တစ်ခုမှ စတင်ပြီး ထိုမြို့တွင် ကြုံတောင့်ကြုံခဲ ဖြစ်ရပ်များ ဆက်တိုက်ဆိုသလို ဖြစ်ပျက်လာပါတော့သည် ။

မနက်ခင်းတစ်ခုတွင် ဖြစ်၏ ။

* * *

ရေချိုမြစ်တစ်စင်းက မြို့ကြီးကိုပတ်ကာ နံဘေးမှ ဖြတ်သန်းစီးဆင်းသည် ။ ထိုမြစ်သည် ထိုမြို့အတွက် အဓိက အသက်သွေးကြော ဖြစ်ပါသည် ။ ထို့အတူ မြို့၏ အမှတ်သင်္ကေတလည်း ဖြစ်သည် ။

ယခုမြစ်ကမ်းစပ်တစ်နေရာ၌ လူတွေ အုံခဲလျက် ရှိနေသည် ။ တစ်နေရာကို စိတ်ဝင်တစားကြည့်ကာ အုံးအုံးကျွက်ကျွတ် ပြောဆိုနေကြသည် ။ အနီးဝန်းကျင်မှ လူများ ၊ သတင်းကြား၍ ဟိုမှ သည် မှ အပြေးအလွှား ရောက်လာကြသူများ စသည် ဖြင့် ကျွက်ကျွက်စီစီကာ နေပါ၏ ။

ခါးတောင်းကို မြှောင်အောင် ကျိုက်၍ အကျႌဗလာဖြင့် လူငယ်သုံးဦး မြစ်တွင်း မှ အရာတစ်ခုကို ကုန်းပေါ်ဆွဲတင်နေသည် ။ တစ်ဦးက ကုန်းပေါ်မှ ကြိုးဖြင့် တောင့်ကာ နှစ် ဦးက လက်အိတ်ကိုယ်စီဝတ်ပြီး မြစ်တွင်း မှ နေ၍ ကြိုးချည်ထားသော အရာတစ်ခုကို တွန်းတင်ပေးနေသည် ။

အဘယ်နည်း...။

ဤမျှ သောက်သောက်လဲ စိတ်ဝင်စားနေကြသော အရာမှာ ဘာဖြစ်နိုင်သနည်း။ ရုပ်လုံးကတော့ တဖြည်းဖြည်း ပေါ်လာနေပြီ။

တာဝန်ရှိသူတွေ လည်း ရောက်လာကြပြီ။

ထို့အတွက် လိုအပ်သော ဧရိယာတစ်ဝိုက်အား တားမြစ်နယ်မြေ သတ်မှတ်ထားသည် ဖြစ်ရာ ရုပ်ကြည့်နေသူများ ကို ပို၍ မရိုးမရွ ဖြစ်စေပါသည် ။

မိန်းမတစ်ဦး လေးငါးနှစ် အရွယ် ကလေးငယ် လက်ကိုဆွဲကာ လူအုပ်တွင်း မှ လှည့်ထွက်သွားသည် ။ ပေါ်လာသော အရာနှင့် ပတ်သက်ပြီး ကလေးအား မမြင်တွေ့ စေချင်သည့် ပုံစံမျိုး။

တစ်နေရာမှာလည်း ဗိုက်ဖုံးအကျႌဝတ် အမျိုးသမီးတစ်ဦးကို ခင်ပွန်း ဖြစ်ဟန်တူသူက နေရာမှ အတင်းဆွဲခေါ်နေသည် ။ ဒါပေမယ့် အမျိုးသမီးမှာ သိပ်မလိုက်ချင်။ ရင်သွေး လွယ်ထားရသော် လည်း မိန်းမတို့ သဘာဝ အရ မျက်စိရှေ့မှ အ ဖြစ်အပျက်ကို ကြည့်ချင်နေသည် မဟုတ်ပါလား။

နောက်ဆုံးတစ်ချက် တွန်းတင်ပြီးချိန်မှာ လူအများ စိတ်ဝင်စားသော အရာသည် ကုန်းပေါ်သို့ မှောက်ခုံကြီး ရောက်လာတော့သည် ။

ဆိုးရွားသော အနံ့သက်ကြောင့် ကြည့်နေသူများ နှာခေါင်းပိတ်လိုက်ကြ၏ ။

ဘယ်သူလဲ . . .

ဘာကြောင့်လဲ . . .

ရဲအရာရှိက မှောက်ခုံ ဖြစ်နေသော အရာအား ပက်လက်ဆွဲလှန်လိုက်စဉ်မှာ တော့…

“ဟာ ….”

“ဟယ်….”

“အို့ ….”

အသက်လေးဆယ်ဝန်းကျင် အမျိုးသား။

မျက်နှာမှာ ငါးတွက်ရာ ဗရပွနှင့် ….။

* * *

(b)

စကားဟောင်းနှင့် ပြောရပါက ဆောင်းနှင်းဝေသော မနက်ခင်းဖြစ်သည် ။ ပင်လယ်ရေမျက်နှာပြင်မှ ပေ (၇၀၀) ကျော်သာ မြင့်သော ˋလည်း တိုက်ခတ်လာသော လေက ရေခဲတမျှ အေးစက်နေသည် ။ ညအိပ်မီးတို့ အလင်းဖျော့နေကြပြီ။

ဘူတာရုံအိုလေးက အလင်းမဝင်သေးသော ညအရိပ်အောက်မှာ စောင်ခြုံကွေးလျက် ရှိနေ၏ ။ ရထားဝင် နောက်ကျသည် မို့ အားလုံးက အေးအေးသက်သက်။ မီးရထားဝန်ထမ်းနှစ် ဦး ဘူတာအဆောက်အဦးတွင် း ခုံတန်းလျားပေါ်မှာ စိတ်အေးလက်အေး အိပ်စက်နေသည် ။

ဈေးသည် အချို့မှာ တော့ အိပ်တစ်ဝက် နိုးတစ်ဝက်။ ခရီးသည် စောင့်နေသော မြင်းလှည်းသုံးစီးမှာ လည်း ထို့အတူ။

ထိုထိုသော ပုံသဏ္ဍာန်များ ဖြင့် ရှိနေကြသည့် အခါသမယ…

“အား …”

ထွက်ပေါ်လာသော အော်သံကြီးက အားလုံးကို နိုးထသွားစေသည် ။

“အမလေး….လုပ်ကြပါဦး …ဒီမှာ ဘာကြီးလဲ မသိဘူး”

ဘူတာရုံလေး လှုပ်ရှားသွားလေပြီ။ အသံထွက်ပေါ်လာရာကား ရထားသံလမ်းတစ်နေရာ။ ပြေးသံလွှားသံ၊ ဖိနပ်နှင့်အုတ်သား ပွတ်သံတွေ တစ်မုဟုတ်ချင်း ထွက်ပေါ်လာသည် ။ ရ ထား သံ လ မ်း ပေါ် တွ င် စိုးရိမ်ကြီးသော ခြေထောက်တွေ ရှုပ်ယှက်ခတ်သွား၏ ။

တစ်နေရာအရောက်...

သူတို့ တွေ့ လိုက်ရသည် ကား...

ပြန့်ကြဲနေသော ဟင်းသီးဟင်းရွက်များ ...

သံလမ်းပေါ် ကန့်လန့်ဖြတ်လဲနေသည့် အရာတစ်ခု ...။

ခေါင်းမြီးစကိုင်ကာ တုန်ယင်အော်ဟစ်နေသော မိန်းမကြီး တစ်ဦး။ ထိုအခိုက် ဓာတ်မီးရောင်တစ်ချက် လင်းလက်သွား၏ ။

စိုက်ကျသွားသော အကြည့်များ အောက်မှာ ...

အနီရောင် ဂါဝန်တစ်ထည်။

ပေါင်လယ်လောက်သာရှိသော ဆွဲသားပျော့ဂါဝန်က အပေါ်သို့ လန်ကာနေသည် ။ ဒါပေမယ့်...

* * *

“သေဆုံးသူကို စတွေ့ ပုံလား ပြောပါဦး...”

ရဲအရာရှိစကားကြောင့် ခေါင်းမြီးစကိုင်ထားသော မိန်းမကြီးက တုန်တုန်ယင်ယင်ဖြင့်..

“ကျွန်....ကျွန်မ ဈေးရောင်းဖို့ ထွက်လာတာပါ။ ကျွန်မ အိမ်က သံလမ်းရဲ့ ဟိုဘက်ခြမ်းမှာ ရှိပါတယ်။ သံလမ်းကိုဖြတ်ပြီး ဘူတာကို လာတုန်း သူ့ကို တွေ့ တာပါပဲ”

“တွေ့ တော့ ဘယ်လိုပုံစံလဲ”

"အခုတိုင်းပဲ ကန့်လန့်ဖြတ် လဲနေတာပါ"

"ပြီးတော့ရော ...."

"မှောင်နေလို့ ပထမ မမြင်ပါဘူး။ ခြေထောက်ကို တိုက်မိပြီး ကျွန်မ ဈေးဗန်းမှောက်ကျသွားတော့မှ .."

"ခင်ဗျားအော်သံကို ကြားလို့ သူတို့ ပြေးလာတာပါလို့ ကျန်တဲ့ လူတွေ ဖြေထားပါတယ်။ လန့်ပြီး အော်လိုက်တာလား၊ ဒါမှ မဟုတ် သေနေတယ်ဆိုတာ သိလို့ အော်လိုက်တာလား"

"ဖြုန်းခနဲ တွေ့ လိုက်ရတော့ လန့်သွားတာပါ။ ပြီးတော့ သူ့ရင်ဘတ်မှာ သွေးတွေ ထွက်နေတာကိုလည်း မြင်လိုက်ရလို့ ပါ"

"ကိုင်းတောထဲကနေ ရထားသံလမ်းထိ သွေးစက်တွေ ကျနေတာကိုရော မမြင်ဘူးလား"

"အဲဒါကိုတော့ မိုးလင်းမှ မြင်ရတာ ပါ"

ဟုတ်၏ ။ ကိုင်းတောထဲတွင် သွေးအိုင်တစ်အိုင်ကို မြင်ရပါသည် ။ သွေးများ က ထိုနေရာမှ တစ်ဆင့် အတန်းလိုက် ဒရွတ်ဆွဲကြာ ရထားသံလမ်းပေါ်တွင် ကန့်လန့်ဖြတ် လဲနေသော အလောင်းနေရာတွင် ဆုံးသည် ။ သေဆုံးသူမှာ ကိုင်းတောထဲမှ တစ်ဆင့် ရထားသံလမ်းပေါ်သို့ ဒရွတ်ဆွဲတြက်သွားသည် ဟု ယူဆရသည် ။

ရဲအရာရှိ ခေါင်းညိတ်၏ ။ အခြားနေရာ၌ အခင်း ဖြစ်ရာ အနီးဝန်းကျင်ရှိလူများ ကိုလည်း သက်ဆိုင်ရာ ရဲတချို့ စစ်မေးနေသည် ။

"ခင်ဗျားက မီးရထားဝန်ထမ်းနော်"

“ဟုတ်ပါတယ်...”

“အော်သံမကြားခင် ခင်ဗျား ဘာလုပ်နေလဲ”

“အိပ်နေပါတယ်”

“တခြားအလုပ် မရှိဘူးလား”

“ဘာအလုပ်ကို ပြောတာလဲ”

“ဘူတာ အနီးဝန်းကျင် လုံခြုံရေး လိုမျိုးပေါ့”

“အဲဒါ ခင်ဗျားတို့ ရဲတွေ အလုပ်လေ။ ကျုပ်တို့ အလုပ်မှ မဟုတ်တာ”

“ခင်ဗျားဂျူတီက ဘယ်အချိန်လဲ”

“ည (၆) ,....မနက် (၆)”

“ဒါဆို ခင်ဗျားတာဝန်ချိန်မှာ အိပ်နေတာပေါ့”

ပုံစံကြည့်ရတာ အရင်ကလည်း သူတို့ အချင်းချင်း ငြိထားကြဖူးသည် ထင်ပါ၏ ။

“အလုပ်မရှိဘဲ ကျုပ်က တစ်ညလုံး ထိုင်နေရမှာ လား။ ခင်ဗျားတို့ရော အလုပ် မရှိရင် မအိပ်ဖူးလား”

“No... ကျုပ်တို့ က ပြည်သူ့လုံခြုံရေး အတွက် (24/7) တာဝန်ယူနေတာ”

သူ့တာဝန်ထမ်းက ခေါင်းငုံ့ကာ ရယ်ပြီး...

“မျက်ချေးတွေ သုတ်လိုက်ပါဦး ဆရာ”

တစ်ဖက်တွင် လည်း ..

“ခင်ဗျား ဒီနေရာကို ဘယ်လိုရောက်လာတာလဲ”

မြင်းလှည်းသမားက တစ်နေရာကို မေးငေါ့ကာ..

"ဟိုအဒေါ်ကြီး အော်သံကြားလို့ ရောက်လာတာပါ"

"သူ့ကို သိလား"

"အဒေါ်ကြီးကို မေးတာလား ခင်ဗျာ"

"ဟုတ်တယ်"

"သိပါတယ်..ဒီဘူတာမှာ ဟင်းရွက်ရောင်းနေကျ ဈေးသည် ပါ"

"ဒီရောက်တော့ ခင်ဗျား ဘာတွေ့ လဲ"

"မိန်းကလေး အလောင်းရယ်၊ ကြောက်လန့်ပြီး အော်နေတဲ့ အဒေါ်ကြီးရယ်ကို တွေ့ ပါတယ်"

"ခင်ဗျားတစ်ယောက်တည်းလား"

"မဟုတ်ပါဘူး…ကျွန်တော် နဲ့ အတူ ပြေးလာတဲ့ သူတို့ လည်း ပါပါတယ်"

မြင်းလှည်းဆရာက အဖော်နှစ် ယောက်ကို လက်ညှိုးထိုးပြသည် ။ စစ်မေးနေသူက မျက်လုံးတစ်ချက် ဝှံကြည့်ကာ…

"ခင်ဗျားတို့ တွေ က ဒီဘူတာမှာ ပဲ လူစောင့်တာလား"

"ဟုတ်ပါတယ်"

"ညတိုင်းလား"

"ညတိုင်းနီးနီးပါပဲ"

"အဲလိုဆို ဘူတာနဲ့ အခင်း ဖြစ်တဲ့ နေရာက သိပ်မှ မကွာဘဲ။ မသင်္ကာစရာအကြောင်း တစ်ခုတလေများ မတွေ့ မိဘူးလား။

ဥပမာ….အော်သံလိုမျိုးပေါ့”

မြင်းလှည်းဆရာတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ ပြီးတော့ ပြိုင်တူ ခေါင်းရမ်းကာ

“ဟင့်အင်း..မတွေ့ မိဘူး”

“သေဆုံးသူကိုရော ခင်ဗျားတို့ သိလား”

တစ်ဦးက ကောက်ခါငင်ကာ ထပြောသည်။

“သိပါတယ်”

“ဘယ်သူလဲ”

“ဒီဘူတာအနီးဝန်းကျင်မှာ ကျက်စားနေတဲ့ ညဥ့်ငှက်မလေးပါ”

* * *

၁

**ဝဋ်ကြွေး .. ...**

လူတိုင်း ကြားဖူးမှာ ပါလေ။ ဒါပေမယ့်…လူတိုင်း ခံစားဖူးမယ်တော့ မထင်ပါဘူး။ ကျွန်မအတွက်တော့ ဝဋ်ကြွေးဆိုတာ ငိုသံတွေ နဲ့ ရွတ်ဆိုရတဲ့ ကဗျာတစ်ပုဒ်လို့ ပဲ သတ်မှတ်ထားပါတော့တယ်။

လူ ဖြစ်လာရတာ ဝဋ်ကြွေးလား။ တစ်ချိန်မှာ သေဆုံးဖို့ အတွက် အဓိပ္ပာယ်မဲ့ ရှင်သန်နေရတာ ဝဋ်ကြွေးလား။ အမေနဲ့ နေရတာ ဝဋ်ကြွေးလား။ သို့ မဟုတ် အဖေနဲ့ ခွဲနေရတာ ဝဋ်ကြွေးလား။

ဟင့်အင်း.. မဟုတ်ပါဘူး။ အဲဒါတွေ က ဝဋ်ကြွေး မဟုတ်ဘူး ။ ဝဋ်ကြွေးလို့ မခေါ်လောက်သေးဘူး။ တတယ့် ဝဋ်ကြွေးအစစ်က သူမရဲ့ အတွင်း စိတ်ထဲမှာ ၊ ပျို့အန်တွန်းကန်နေတဲ့ အတွင်း တုံ့ပြန်မှုတွေ နဲ့ စာရင် အဲဒါတွေ က ထမင်းရည်ပူ စည်းတွေ ပါ။

တစ်ခါတလေတော့လည်း ကိုယ့်ကိုယ်ကိုယ် မုန်းတယ်။ နာကြည်းတယ်။ စိတ်တိုရင် နှုတ်ခမ်းကိုက်တတ်တာ ဘယ်သူတွေ စခဲ့တဲ့ အပေါစားဟန်ဆောင်မှုတွေ မသိဘူး။ သူမအတွက်တော့ နှုတ်ခမ်းကိုက်လေ ပိုနာလေပါပဲ။ သွေးထွက်အောင်ကိုက်ရင် သွေးထွက်အောင် နာတယ်။ ဒါပါပဲ…။

ဘယ်တော့လဲ…ဘယ်မှာ လဲ….

အလွန် တရာ ကြီးကျယ်ခမ်းနားသော အိမ်ကြီးတစ်လုံးထဲမှာ ။

ကျယ်ဝန်းပြန့်စိမ်းသော ခြံဝန်းကြီးထဲမှာ ..

ညနေတိုင်း အစွမ်းကုန် ပြင်ဆင်ခြယ်သပြီး အပြင်ထွက်လေ့ရှိတဲ့

အမေတစ်ယောက်။

တံခါးအထပ်ထပ် ကာရံထားတဲ့ အိမ်ကြီးတစ်လုံးထဲမှာ ပိတ်မိနေတဲ့ သမီးတစ်ကောင်။

အရာရာကို နားလည်ခံစားပေးနိုင်တဲ့ အထိန်းတော် တစ်ဦး။

ဒါပါပဲ။ သူမဘဝက အဲဒါပဲ။

ဒီထက် ဘာမှ မပို့ခဲ့ဘူး။ တချို့တွေ ကတော့ နတ်ဘုံနတ်နန်းနဲ့ ရွှေသားနန်းတော် ကြီးလို့ ထင်ရင် ထင်နေကြလိမ့်မယ်။ လိုတရတဲ့ ရွှေအိမ်စံ မင်းသမီးလေးလို့ လည်း ထင်နိုင်ကောင်းပါတယ်။ ဒါပေမယ့် သူမ အဲဒါ တွေ ကို မုန်းတယ်။

အကျဉ်းကျနေတာမဟုတ်ပါဘဲ အချုပ်သားတစ်ဦးလို နေရတဲ့ ဘဝလေ။ လွတ်လပ်သူဆိုတာ ဘာလဲ။ လွတ်မြောက်သူဆိုတာ ဘာလဲ။ လူအချို့ လွတ်မြောက်ဖို့ ကြိုးစားရင်း ကိုယ်ခင်းတဲ့ လမ်းထဲ ကိုယ်ကိုယ်တိုင် ကျွံဝင်သွားကြတယ်။ တချို့ လွတ်လပ်ဖို့ ကြိုးစားရင်း ကြက်တူရွေးဆန်ဆန် နှုတ်သီး ချွန်သွားကြတယ်။

သူမကရော လမ်းထဲကို ကျွံဝင်သွားပြီလား။ (သို့ ) နှုတ်သီးချွန်နေပြီလား။

မှ န် ရှေ့ မှာ ရပ်ချင်ပေမယ့် ကိုယ့်ကိုယ်ကိုယ် မကြည့်ချင်ဘူး။ သေချာတာတစ်ခုက "စိတ်" ဆိုတဲ့ အရာကို မုန်းနေတယ်။

ဘယ်တော့မှ ရှင်းလင်းချောမွေ့ဖို့ မ ဖြစ်နိုင်တော့တဲ့ သူမခန္ဓာ။

အရွယ်ရောက် မိန်းကလေးတစ်ယောက်ရဲ့ အချို့အချို့သော အရာတွေ ကို လိုချင်တောင့်တမှု။

ပျော်ရွှင်မှုကို အမောတကော ရှာဖွေရင်း ကျေနပ်ခြင်းပါ ဆုံးရှုံးသွားမှု။

ထွက်ပေါက်ကို တောင့်တရင်း စိတ်ဟင်းလင်းပြင်မှာ နေရာလွတ်မရှိအောင် ပြည့်လျှံလာမှု။

အားလုံးပဲ၊ အားလုံးကို မုန်းတယ်။

လူ ဖြစ်လာတဲ့ ဘဝမှာ အမုန်းဆုံးအရာတစ်ခုကို ပြပါဆို "စိတ်ဓာတ်"။

ကိုယ့်စိတ်ဓာတ်ကို သေလောက်အောင် မုန်းနေတာပါပဲ။

"ကျွတ် ....."

အံကိုကြိတ်တော့ အောက်ထပ်က အသံပေါ်လာတယ်။

"သမီးရေ....ဖေကြီး ဖုန်းလာတယ်"

တံတွေးကို မျိုချတော့ လည်ပင်းမှာ ချွေးစတွေ ...။

* * *